# ရွှေရုပ်တု

ရဲဘော်
နွေလည်လရက် တရက်မှာ
ငါတို့ ကို ရဲဘော်ခွဲထွက်သွားခဲ့တယ် ။

ရဲဘော်ရဲ့ ဈာပနကို
ငိုရှိုက်ခြင်းနဲ့ ပို့ဆောင်ဂုဏ်ပြုဖို့
ငါတို့မှာ အချိန်မရှိ ။

ရဲဘော်ရဲ့ ရုပ်တုကို
ယဉ်ကျေးစွာ ထုလုပ်ဖို့ ....ပြီးတော့
ထိုက်တန်စွာ ထုလုပ်ဖို့
ငါတို့မှာ ရွှေသားမရှိ ။

ဒါပေမဲ့
သွေးတွေ ရွှဲနစ်နေတဲ့
ရဲဘော်ရဲ့ အကျႌကို
ငါတို့ အလံထူလို့
ရှေ့သို့ ရှေ့ကို
ရှေ့ဆီကို သွားနေကြတယ်ဆိုရင်
နှစ်နှစ်ချိုက်ချိုက်
အိပ်ပျော်လိုက်ပါတော့ ရဲဘော် ...။

ဌေးအောင်